# မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီ(SAC –M) မှ  မြန်မာစစ်တပ်သည် အကြမ်းဖက်မှုများကိုဆောင်ရွက်နေသည်ဟု ပြောကြားလိုက်ပြီး  ကမ္ဘာလုံးဆိုင်ရာ “ဖြတ်သုံးဖြတ်” မဟာဗျူဟာချမှတ်ရန် တောင်းဆိုလိုက်သည်။

၂၀၂၁ ခုနှစ် မတ်လ ၂၈။ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီ (SAC –M) က မြန်မာစစ်တပ်၏ အကြမ်းဖက်အဖွဲ့အစည်းကဲ့သို့  ဆောင်ရွက်နေမှုများနှင့် တပ်မတော်နေ့တွင် ကျူးလွန်ခဲ့သော အစုလိုက်အပြုံလိုက် ရက်ရက်စက်စက်သတ်ဖြတ်မှုများကို ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်ပြီး ၊ စစ်တပ်အား ဆန့်ကျင်သည့် ကမ္ဘာလုံးဆိုင်ရာ “ဖြတ်သုံးဖြတ်” မဟာဗျူဟာချမှတ်ရန် တောင်းဆိုလိုက်သည်။

စစ်တပ်မှအာဏာသိမ်းယူရန် ကြိုးပမ်းနေမှု နှစ်လခန့် အကြာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “စစ်တပ်သည် တစ်နိုင်ငံလုံးနှင့် လက်တွဲရန်ကြိုးပမ်းနေသည်” ဟု ပြောဆိုထား သော်လည်း ငြိမ်းချမ်းစွာ ဆန္ဒပြသူများနှင့် အရပ်သားများမှာ နိုင်ငံတစ်ဝန်း မြို့ကြီးများ၊ ကျေးလက်ဒေသများနှင့် လမ်းမများပေါ်တွင် လည်းကောင်း၊ မိမိတို့၏နေအိမ်များတွင်လည်းကောင်း ၊ ၎င်း၏ လက်အောက်တွင် ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတ်ဖြတ်ခြင်းကို ခံနေရသည်။

“ပြည်သူလူထုတစ်ရပ်လုံး အပေါ် အကြမ်းဖက်ရန် ရည်ရွယ်ချက်ဖြင့် လူထုကြား တွင် တစ်နိုင်ငံလုံး အတိုင်းအတာ ဖြင့် အကြမ်းဖက်မှုများဖြစ်လာအောင် နှိုးဆွပေးနေခြင်းများသည် အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်း သည့် ရာဇဝတ်မှုများကျူးလွန်နေခြင်း ဖြစ်သည်” ဟု မာဇူကီ ဒါရုစမာန် ကပြောသည်။ “ကုလသမဂ္ဂ၏မည်သည့် အဓိပ္ပါယ်ဖွင့်ဆိုချက်အရ မဆို မြန်မာစစ်တပ်၏ လုပ်ဆောင်မှုများသည် အကြမ်းဖက်အုပ်စုတစ်စု၏ လုပ်ရပ်များ သာ ဖြစ်သည်” ဟု ၎င်းက ဆက်ပြောပါသည်။

စနေနေ့က အနည်းဆုံး ကလေးခုနစ်ယောက်အပါအဝင် လူ ၁၀၀ ကျော်ပစ်သတ်ခံခဲ့ရသည်။ သတင်းမှတ်တမ်း များအရ မင်းအောင်လှိုင်၏ စစ်သားများနှင့် ရဲများသည် သူတို့သတ်ထားသော လူသေအလောင်းများကို ၎င်းတို့၏ မိသားစု များ ထံ ပြန်မပေးဘဲ ဆွဲယူ သိမ်းဆည်းသွားပါသည်။ အချို့သေဆုံးနေသူများကို မီးရှို့မှု ပင်ပြုလုပ် ခဲ့ပါသည်။ “ဒါတွေဟာ ၂၀၁၆နဲ့ ၂၀၁၇ မှာ ရိုဟင်ဂျာတွေကို တပ်မတော်ကလုပ်ခဲ့တဲ့ အလားတူ ရိုင်းစိုင်းတဲ့လုပ်ရပ်တွေဖြစ်တယ်” လို့ ယန်ဟီလီက ပြောပါသည်။

နှစ်လတာနီးပါး ကာလအတွင်းမှာ လူသတ်မှုများ ၊ ရိုက်နှက်မှုများ ၊ ညှင်းပန်းနှိပ်စက်မှုများ ၊ ထိန်းသိမ်းမှုများ၊ လုယက်မှုများ ၊ ပစ္စည်းဥစ္စာ ဖျက်ဆီးခြင်းများ ၊ သတင်းအမှောင်ချခြင်းများ ၊ အင်တာနက်ဖြတ်တောက်ခြင်းများနှင့် စစ်တပ်၏ဝါဒဖြန့်ခြင်းများကို အများပြည်သူ အပေါ် ကျူးလွန်ခဲ့ပါသည်။ ဤကဲ့သို့သော အကြမ်းဖက်မှုများကို ရင်ဆိုင်နေရသော်လည်း မြန်မာပြည်သူလူထုမှာ အကြမ်းမဖက် လူထု အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) နှင့် အထွေထွေသပိတ်များဖြင့် ငြိမ်းချမ်းညီညွတ်စွာ ကြံ့ကြံ့ခံ ခုခံတွန်းလှန်လျက်ရှိသည်။

"အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းအနေနဲ့ မြန်မာပြည်သူတွေရဲ့ဦးဆောင်မှုနောက် ကို စည်းစည်းလုံးလုံး လိုက်ပါ ဆောင်ရွက်ကာ ပြင်းထန်တဲ့ အရေးယူမှု ပြုလုပ်ရန် အချိန်တန်ပြီ" ဟု ခရစ် စီဒိုတီ က ပြောပါသည်။ ဆက်လက်၍ သူက "မြန်မာပြည်သူတွေ ဟာ နိုင်ငံတကာအရေးယူဆောင်ရွက်မှုအဖြစ် ကာကွယ်စောင့်ရှောက်ရန်တာဝန်ယူမှု (R2P) ကို တောင်းဆိုနေကြပါတယ်။ တုန့်ပြန်မှုအနေဖြင့် မြန်မာစစ်တပ်အပေါ် ဖြတ်သုံးဖြတ် ဟုခေါ်သော လက်နက်ထောက်ပံ့မှုဖြတ်တောက်ခြင်း၊ ငွေကြေးဖြတ်တောက်ခြင်း နှင့် ပြစ်ဒဏ် ပေးခံရမှု ကင်းလွတ်ခွင့် ရရှိခြင်းမှ ဖြတ်တောက်ခြင်း စသည့် ပြစ်ဒဏ်များသတ်မှတ်ခြင်းကို ကျွန်ုပ်တို့မြင်တွေ့လိုပါတယ်" ဟု ပြောပါသည်။

SAC-M အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား မြန်မာနိုင်ငံသို့ အလုံးစုံ လက်နက်ရောင်းချမှုကို ပိတ်ပင်ထားမှုအား စောင့်ကြည့်ကြီးကြပ်ရန် ယန္တရားများ ချမှတ်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ဖြတ်တောက်မှု ဖြတ်သုံးဖြတ်နည်းဗျူဟာကို ဦးဆောင်ခြင်း ၊ အကြီးတန်း စစ်အရာရှိများနှင့် စစ်တပ်ပိုင်ကုမ္ပဏီများ ၊ အထူးသဖြင့် MEHL ၊ MEC နှင့် ၎င်းတို့၏လက်အောက်ခံကုမ္ပဏီများအပေါ် ပစ်မှတ်ထားသော ဘဏ္ဍာရေးပိတ်ဆို့အရေးယူမှုများချမှတ်ခြင်း ၊ မြန်မာနိုင်ငံ၏အခြေအနေကို အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်တောင်းဆိုလိုက်သည် ။

အမေရိကန်ပြည်ထောင်စုနှင့် ယူနိုက်တက်ကင်းဒမ်းတို့ လုပ်ဆောင်ထားသကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံချင်းစီသည် မိမိတို့၏လက်နက်ရောင်းချမှုပိတ်ပင်ထားခြင်းနှင့် အကြီးတန်းစစ်အရာရှိများနှင့် စစ်တပ်ပိုင်ကုမ္ပဏီများအပေါ် ပစ်မှတ်ထားသောဘဏ္ဍာရေးပိတ်ဆို့မှုများချမှတ်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ဖြတ်တောက်မှု ဖြတ်သုံးဖြတ်နည်းဗျူဟာကို ပံ့ပိုးနိုင်သည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင်စစ်အစိုးရအား ငွေပေးချေမှု

အားလုံးကို ဆိုင်ငံ့ထားရန်လိုအပ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများမှ လွဲ၍ မြန်မာပြည်ရှိလုပ်ငန်းများ အားလုံးကို ဆိုင်းငံ့ခြင်းဖြင့် အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်းပြသသင့်သည်။

ကမ္ဘာလုံးဆိုင်ရာဖြတ်တောက်မှု ဖြတ်သုံးဖြတ် နည်းဗျူဟာသည် ပြည်သူများအတွက် အရေးတကြီးလိုအပ်နေသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့်အတူ လက်တွဲမဖြတ်ဘဲ ခိုင်မာစွာ ရပ်တည်သင့်ပါသည်။ အလှူရှင်များသည် ပြည်သူများအား ပေးအပ်သော အကူအညီများကို မြို့ပြသာမက ဒီမိုကရေစီလှုပ်ရှားမှုပြုလုပ်သူများအနေဖြင့် စစ်တပ်ရန်မှ တိမ်းရှောင်ကာ ဝင်ရောက်ခိုလှုံမည့် တိုင်းရင်းသားများရှိရာ ကျေးလက်ဒေသအထိ ရောက်ရှိစေခြင်းအားဖြင့် အာဏာသိမ်းမှုကို ခုံခံတွန်းလှန်ရန် စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းကြရမည်ဖြစ်ပါသည်။ ယင်းအကူအညီများကို မြန်မာစစ်တပ်မှ ဆယ်စုနှစ်များစွာကြာသည့်တိုင် တိုင်းရင်းသားများအပေါ် ကျူးလွန် ချိုးဖောက်မှုများကြောင့် ဖြစ်ပွားခဲ့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို တုန့်ပြန်ဖြေရှင်း သည့် အတွေ့အကြုံရှိပြီးသား ဒေသန္တရအဖွဲ့အစည်းများနှင့် ကွန်ယက်များမှ တဆင့် ပေးအပ်သင့်သည်။

SAC - M အနေဖြင့် စစ်တပ်မှကျူးလွန်နေသော သွေးထွက်သံယိုဖြစ်စေသော လုပ်ရပ်များ ကို ရပ်တန့်ရန်နှင့် နိုင်ငံအတွင်းရှိ သက်ဆိုင်ရာ အင်အားစုများအားလုံးကို တွေ့ဆုံဆွေးနွေးနိုင်ရန် အတွက် နိုင်ငံတကာကိုယ်စားလှယ်များမှ မြန်မာနိုင်ငံသို့ အမြန်ဆုံးလာရောက်ကြရန် ဆက်လက်တောင်းဆိုသည်။ ကိုယ်စားလှယ်အဖွဲ့တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) မှ သမ္မတ (သို့မဟုတ်) ဝန်ကြီးချုပ်အဆင့် ၊ သို့မဟုတ် အနည်းဆုံး နိုင်ငံခြားရေးဝန်ကြီးအဆင့် အကြီးတန်းကိုယ်စားလှယ်များပါဝင်သင့်သည် ။ စနေနေ့၏အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု မှာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ရန် ခိုင်လုံသည့် အကြောင်းပြချက်ဖြစ်ပါသည်။

လုံခြုံရေးတပ်ဖွဲ့များက ကလေးငယ်များအား ၎င်းတို့၏ မိဘရင်ခွင်အတွင်း၌ပါ မချန် ပစ်မှတ်ထား ၍ ပစ်ခတ်နေချိန်၊ မြန်မာစစ်တပ်သည် စနေနေ့တွင် နေပြည်တော်၌ အရှက်ကင်းမဲ့စွာ စစ်ရေးပြ အခမ်းအနားတစ်ခုကို ကျင်းပခဲ့သည် ။ ထိုစစ်ရေးပြအခမ်းအနားသို့ ရုရှား ၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ လာအိုနှင့် ထိုင်းစသည့် နိုင်ငံရှစ်နိုင်ငံမှ သံတမန်များတက်ရောက်ခဲ့ကြသည်။

SAC -M မှ အလေးအနက်ထား ပြောကြားလိုသည်မှာ မြန်မာစစ်တပ်ကို မည်သည့်နည်းဖြင့်မဆို တရားဝင်အစိုးရအဖြစ် အသိအမှတ်မပြုကြရန် ဖြစ်သည်။ စစ်တပ်သည် တိုင်းပြည်အပေါ် အင်အားဖြင့် အာဏာကို သိမ်းယူရန်နှင့် သွေးထွက်သံယိုမှုများဖြင့် အုပ်ချုပ်မှုကို ရယူနိုင်ရန်ကြိုးစားနေသော အထက်တန်းလွှာ လူနည်းစုလူတစ်စု၏ ကိုယ်ကျိုး စီးပွားကိုသာ ကိုယ်စားပြုသောလက်နက်ကိုင် အကြမ်းဖက်အဖွဲ့မျှသာဖြစ်ပါသည်။


ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ ဆက်သွယ်ပါ ။

www.specialadvisorycouncil.org

Isabel Todd' SAC-M ညှိနှိုင်းရေးမှူး

တွစ်တာ - @Special Council

အီးမေး ⇨ info@specialadvisorycouncil.org

ဖေ့စ်ဘွတ် ⇨ www.facebook.com/Special Council